(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊အောက်တိုဘာလ

ထနောင်းကန်ကျေးရွာ

မိတ္ထီလာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထနောင်းကန်ကျေးရွာ၊ မိတ္ထီလာမြို့နယ်

မာတိကာ

မာတိကာ ၂

၁. မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စု၊ ထနောင်ကန်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စု၊ ထနောင်ကန်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စု၊ ထနောင်ကန်ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စု၊ ထနောင်ကန်ကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁


၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂

၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ ၁၈
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဧယား



၄. မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စု၊ ထနောင်ကန်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ထနောင်ကန်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ပါဝင် သောကျေးရွာတစ်ရွာဖြစ်ပြီး ရန်ကုန်– မန္တလေးလမ်းဟောင်း လမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိပါသည်။ ထနောင်ကန် ကျေးရွာ၏ အကျယ်အဝန်းမှာ (၅၀)ဧကော ခန့်ရှိပါသည်။ရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများသာရှိပြီး တောင်ဘက်တွင် ကျွန်းဖို့ပင်ရွာ၊ သဲကုန်းရွာ တည်ရှိပါသည်။ အနောက်ဘက် တွင် ယာများနှင့် မြောက်ဘက်တွင် ချုံစွန်းရွာ၊ ဆည်ကုန်းရွာရှိပါသည်။ကန်သာအုပ်စု၊ ထနောင်ကန် ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း ကိုအဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မိုးကောင်း ရေသောက် စိုက်ပျိုးရေးဖြစ်သဖြင့် မိုးတွင်း ကာလတွင်စိမ်းစိုး၍ ဆောင်းတွင်းနှင့် နွေကာလများတွင် အနည်းငယ်ခြောက် သွေ့ပါ သည်။ ကျေးရွာပတ်ဝန်းကျင်တွင်လယ်မြေ(၆၃.၆၅)ဧကော၊ ယာမြေ(၃၃.၁၈) ဧကော ရှိပြီး လယ်မြေ၊ ယာမြေမှာ စိုက်ပျိုးရေးကို မြေအောက်အဝိစိတွင်းရေကိုသာ အသုံးပြုကြပါသည်။ ယာမြေအချို့မှာ မြေဆီမြေနှစ် ကောင်းမွန်သော်လည်း အချို့ယာမြေများမှာ ကျောက်စရစ်မြေများ ဖြစ်ပါသည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ထနောင်ကန်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၅°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၀°C ရှိတက်ပါသည်။မိုးကောင်းရေသောက်ဖြစ်သည့်အတွက် နွေ၊မိုး၊ ဆောင်း ရေရရှိပါသော်လည်း တစ်ခါတရံ မိုးခေါင်ခြင်းကြောင့် ရာသီဥတုမှုန်ကန်ခြင်းမရှိပါ။

နွေရာသီတွင် ရေရှားမှုနှင့် ရင်ဆိုင်ရသောအခါတွင် စိုက်ပျိုးရေရှိရေးအတွက် မြေအောက်ရေ အရင်း အမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေကို သုံးစွဲခဲ့ကြရပါသည်။ယာမြေ (၃၃.၁၈) ဧက နှင့် လယ်မြေ (၆၃.၆၅) ဧကရှိသည်။ ကျေးရွာ၏ လယ်မြေအားလုံးမှာ အဝီစိရေကိုသာ အသုံးပြုနေကြပြီး ကျန်ဧကများမှ မိုးကောင်းရေသောက်အမျိုးအစားဖြစ်ပါသည်။ ယာမြေအချို့မှာ မြေဆီမြေနှစ် ကောင်းမွန်သော်လည်း အချို့ယာမြေများမှ ကျောက်စရစ်မြေအမျိုးအစား ဖြစ်ပါသည်။ စပါး၊ ငရုတ်၊ ပဲစိမ်းငုံ၊ နှမ်း၊ ဝါ သီးနှံတို့ကို အဓိကထား စိုက်ပျိုးကြသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ထနောင်ကန်ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်း များသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန် ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြ သည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ ချိတ်ဆက်မှု အားကောင်းပါသည်။

ထနောင်ကန်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေး အသင်းဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အား ကိုယ်ကိုးလျှပ်စစ် မီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အား လိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ်မီး လင်းရေးဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ရေကော်မတီ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်း၍

စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညဆောင်ရွက်ရန် အတွက် အသင်းအဖွဲ့(၂)ဖွဲ့မှ ခေါင်းဆောင်များ ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲ ဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများ တွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင် ဆောင်ရွက် ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ထနောင်ကန်ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။အိမ်ထောင်စုအားလုံးနီးပါးမှာ လယ်ယာစိုက်ပျိုးခြင်းကိုကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းနှင့်တွဲဖက်၍ အခြားစီးပွားရေး လုပ်ငန်းများဖြစ်သောနိုင်ငံဝန်ထမ်းများ၊တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများကိုတွဲဖက်၍ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီး သီးနှံ ထွက်နှုန်း ကောင်းမွန်၍ ဈေးကွက် ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပြီး စိုက်ပျိုးရေ မမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများ နှင့်ရင်ဆိုင် ရတက်ပါသည်။

လက်သမား၊ ပန်းရံနှင့် အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့်တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှု ရှိပါက အလုပ်အကိုင် ရှားပါးမှုနှင့် ရင်ဆိုင်ရ တက်ပါသည်။

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊

လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ထနောင်းကန်ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အခြေခံပညာ မူလတန်း ကျောင်း ၊ဆေးပေးခန်း၊ စာကြည့်တိုက်၊ အုပ်ချုပ်ရေးမှူးရုံး၊ ဈေးနှင့် ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာအသိပညာပေး ဟောပြောပွဲများ ကျင်းပရာတွင် ကျေးရွာပိုင်ဓမ္မာရုံ(၁)ရုံ ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းကို မိတ္ထီလာမြို့သို့ သွားရောက် တက်ရောက်ရပြီး (၁)မိုင်ခန့်ဝေး ပါသည်။ ထနောင်းကန်ကျေးရွာ၏ ရွာတွင်းလမ်းများ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ဗွက်ထ ခြင်းများရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိမှု အခြေအနေဖြင့် ကျေးရွာတွင် လျှပ်စစ်မီး ရရှိနေပြီ ဖြစ်ပါသည်။ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများအနေဖြင့် ကျေးရွာတွင်းတွင် ဓါတ်တိုင်စိုက်ထူခြင်း၊ ကြိုးသွယ်ခြင်း လုပ်ငန်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် လုပ်ကိုင်ခြင်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကျေးရွာရှိအချို့ အိမ်ထောင်စု များသည် ဆိုလာမီးကို အသုံးပြုနေကြပါသည်။

ထနောင်းကန်ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်မှုများမရှိပါ။ အခြားသော သယ်ယူ ပို့ဆောင်ရေး ယာဉ်များကို ဇယားတွင် ဖော်ပြထားပါသည်။ ဆိုင်ကယ် (၂၅၂) စီး၊ ကား(၆)စီး၊ ထော်လာကျီ(၂)စီးဖြင့် သယ်ယူပို့ဆောင်ရေး အနေဖြင့် အသုံးပြုကြပါသည်။

ကျေးရွာတွင် မိုးဘိုင်းဖုန်း ဆက်သွယ်ရေးကို စွေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ လျှပ်စစ်မီး ရရှိသော အိမ်များမှာ တီဗွီမှ ဗဟုသုတ အစီအစဉ်များ ကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ထနောင်းကန် ကျေးရွာတွင် အလယ်တန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာအဆင့်ထိ (၉၀)ဦးခန့် ရှိပြီး ခန့်ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာ စတုရန်းပေ(၂၀၉၆) ရှိသည်။ စာသင်ကျောင်းဆောင်၏ အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုရှိပါသည်။ ကျောင်းပညာရေးအား ပိုမို အားကောင်းစေရန် ဆရာ(၂)ဦး၊ ဆရာမ(၇)ဦး၊ပေါင်း (၉)ဦးရှိ ပါသည်။ စာမတတ်သူဦးရေမှာ အနည်းငယ်သာရှိ၍ အများစုမှာ စာတတ်မြောက်နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် စာတတ် မြောက်မှုနှုန်းများခြင်းနှင့် ပညာရေးစိတ်ဝင်စား သောကျေးရွာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ် အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ထနောင်းကန်ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေး ကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစား အသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တို့ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေး ဗဟုသုတ အသိပညာပေး ဟောပြောပွဲ များ ပြုလုပ်ပေးလျက်ရှိပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ထနောင်းကန်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြု မှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ် တကျ မစွန့်ပစ် ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့် သည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခက်ခြင်း၊ မိုးသီးများကြွေကျခြင်းများရှိပါသည်။အပူချိန်မြင့်မား၍ မိုးခေါင်ခြင်း တို့ကြောင့် စိုက်ပျိုးရေးရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ် များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား – မရေးရာ

ထနောင်းကန်ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား–မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေး မှာ အမျိုးသမီးများ သည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

ထနောင်းကန်ကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ဝါတွင်းကာလဥပုသ်နေ့များ၌ ပိဏ္ဍာပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်း သာရေးနာရေးများ တွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက် ကြပါသည်။ ကန်တောင်ကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၇၅၀၀/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခမှာ (၁၂၀၀၀/ _) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက် လုပ်အားလပျမ်းမျှမှာ (၆၀၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၁၄၀၀၀/ -) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၁၁၀၀၀/ -) ကျပ်ရရှိကြ သည်။ အခြားနိုင်ငံဝန်ထမ်းများတွင်အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်းရှိပါသည်။

. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း	၁
ကျေးလက်ကျန်းမာရေးဆေးပေးခန်း	၂
ကျေးရွာတွင်းမီးသတ်ရေကန်ဆောက်လုပ်ခြင်း	၃
စာကြည့်တိုက်နှင့်မူကြိုအုတ်တံတိုင်းခတ်ခြင်း	၄
ရွာတွင်းလမ်းသွယ်များပြုပြင်ခြင်း	၅

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဖေယား(မိတ္ထီလာမြို့နယ် ကန်သာအုပ်စု၊ ထနောင်းကန်ကျေးရွာ)

စဉ်	ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်း များ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	**အခြေခံအဆောက်အဦ (လမ်း၊တံတား၊အခြားအဆောက်အဦ)**					
	• ရွာတွင်းလမ်းမှာသဘာဝမြေသားလမ်းဖြစ်ပြီး၊လမ်းမျက်နှာပြင်ညီညာမှုမရှိဘဲနွေအခါဖုန်ထူထပ်ခြင်း၊မိုးအခါဗွက်ထူသောကြောင့် သွားလာရ ခက်ခဲခြင်း၊ •	• ဦးစီး ဦးဆောင်၍ဆောင်ရွက် မည့် အဖွဲ့အစည်းမရှိခြင်း၊ • ကျေးရွာရန်ပုံငွေ မရှိခြင်း၊	• ဦးစီး ဦးဆောင်၍ ဆောင်ရွက်မည်ဆိုပါက ရွာရှိ အိမ်ထောင်စု အများစု မှာ လိုက်ပါဆောင်ရွက်နိုင် ခြင်း၊ • အလုပ်လုပ်ကိုင်နိုင်သောလူငယ်လူရွယ်များပြားခြင်း၊ • ကျောက်၊သဲ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများရှိ ခြင်း၊	• လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက်ဦးဆောင်ချိတ်ဆက်နိုင်ခြင်း မရှိခြင်း၊ • ဌာနဆိုင်ရာများ၊ငွေကြေးအလှူရှင်များနှင့် ချိတ်ဆက် နိုင်မှုမရှိခြင်း၊	• ကျေးရွာတွင်းလမ်းများအားအဆင့်မြှင့်တင်နိုင်ရေး စည်း ရုံးလှုံ့ဆော်ခြင်း၊ • လမ်းကော်မတီ(သို့)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ • ကော်မတီမှလမ်းအဆင့်မြှင့် တင်နိုင်ရေး အစီအစဉ်များ ရေးဆွဲထားခြင်း၊ • ကော်မတီမှဌာနဆိုင်ရာများ၊ငွေကြေးအလှူရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ကျေးရွာလူထုမှ လုပ်အား(သို့) ထည့်ဝင်ငွေပူး ပေါင်းပါဝင် လာအောင်စည်းရုံး လှုံ့ဆော် ဆောင်ရွက်ခြင်း၊	**ကျေးရွာတွင်းသဘာဝမြေသားလမ်းအားအဆင့်မြှင့်တင်နိုင်ရေး၊ လမ်းမြေအကျယ်တသမတ်တည်းရှိရေး စီမံချက်** • ကျေးရွာတွင်းသဘာဝမြေသားလမ်းအားအဆင့်မြှင့်တင်နိုင် ရေး
၂	**အခြေခံအဆောက်အဦ (လမ်း၊တံတား၊အခြားအဆောက်အဦ)**					

	• ကျေးရွာမှအမြန်လမ်းမကြီးထိ ချဉ်းကပ်လမ်းပြုပြင်မွမ်းမံ ခြင်းလုပ်ငန်း	• မိုးရာသီတွင်လှည်းထော်လာကျီ၊ ကားများမောင်းခြင်း။ • မြေသားလမ်းဖြစ်နေခြင်း၊ • ငွေကြေးချို့တဲ့ခြင်း။	• အဖွဲ့အစည်းများနှင့်ချိတ် ဆက်၍လမ်းကောင်းစေရန် ဆောင်ရွက်တတ်ခြင်း၊ • မူလလမ်းရှိခြင်း	• နည်းပညာမရှိခြင်း၊ • ငွေကြေးလုံလောက်မှုမရှိခြင်း။	• လမ်းကော်မတီ(သို့)ကျေးရွာဖွံ့ဖြိုး ေးရေးကော်မတီဖွဲ့စည်းခြင်း၊ • ကော်မတီမှလမ်းအဆင့်မြှင့် တင်နိုင်ရေး အစီအစဉ်များ ရေးဆွဲထားခြင်း၊ • ကော်မတီမှဌာနဆိုင်ရာများ၊ငွေ ကြေးအလှူရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ကျေးရွာလူထုမှ လုပ်အား(သို့) ထည့်ဝင်ငွေပူး ပေါင်းပါဝင် လာ အောင်စည်းရုံး လှုံ့ဆော် ဆောင်ရွက်ခြင်း၊	• **ကျေးရွာမှအမြန်လမ်းမကြီးသို့ ချဉ်းကပ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းစီမံချက်။** •
၃	**သောက်သုံးရေကန်တူးဖော်ခြင်း**					
	• သောက်သုံးရေအတွက်မြေ အောက်ရေကိုသာအဓိကအသုံးပြု နေခြင်း၊ • သောက်သုံးရေအရည်အသွေး စမ်းသပ်စစ်ဆေးထားမှုမရှိ ခြင်း၊	• ကျေးရွာတွင်သောက်သုံးရေအ တွက်ရေသန့်ဝယ်ယူသောက်သုံး ခြင်းမရှိဘဲကျေးရွာရှိစက်ရေ တွင်းမှရေကိုသာအိမ်ထောင်စု တိုင်းသောက်သုံးကြခြင်း၊	• ကျေးရွာတွင်သောက်သုံးရေ အတွက်မြေအောက်ရေချိုအ ရင်းအမြစ်ရှိခြင်း၊ • မြေအောက်ရေရသော ရေချို တွင်းများ၏၅၀%မှာရေ အရည်အသွေးစစ်ဆေးထားရှိမှု ရှိခြင်း၊	• ငွေကြေးအင်အားမရှိခြင်၊ • သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိ ခြင်း။ • နည်းပညာမရှိခြင်း။	• ရေကော်မတီဖွဲ့စည်းခြင်း၊ • ရပ်မိရပ်ဖ၊ကျေးလက် ဦးစီး ဌာန နှင့်ချိတ်ဆက်၍ တင်ပြ တောင်းဆိုခြင်း။ •	**ကျေးရွာအတွက်သောက်ရေ သန့် ရရှိရေးစီမံချက်** •
၄	**ဆေးပေးခန်းဆောက်လုပ်ခြင်း**					
	• ကျေးရွာတွင်ကျန်းမာရေး စောင့်ရှောက်မှုခံယူရန်အတွက် ကျေးလက်ဆေးပေးခန်းမှာ ကျဉ်း၍အဆောက်အဦးညံ့ ခြင်း	• လက်ရှိကျေးလက်ဆေး ပေးခန်း မှာထရံကာမြေစိုက်ဖြစ်ခြင်း၊ • ဆေးပေးခန်းနေရာကျဉ်းသဖြင့် ကုတင်(၁)လုံးသာဆန့်ခြင်း •	• ကျေးရွာဆေးပေးခန်းရရှိ ပြီးဖြစ်ခြင်း၊ • ကျန်းမာရေးစောင့်ရှောက်မှု အတွက်အနီဝတ်သားဖွား ဆရာမ(၁)ဦးရှိခြင်း	• ငွေကြေးအင်အားမရှိခြင်၊ • သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိ ခြင်း။ • ကျန်းမာရေးနှင့်ပတ်သက်	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့်ကျန်းမာရေးဌာနတို့ချိတ် ဆက်ဆောင်ရွက်ခြင်း၊ • ကျေးရွာရန်ပုံငွေစုဆောင်းခြင်း၊ • အလှူရှင်များဖိတ်ခေါ်ခြင်း။	

				သောဖွံ့ဖြိုးရေးလုပ်ငန်းများ သီးသန့်မရှိခြင်း၊		
၅	• **စာကြည့်တိုက်ဆောက်လုပ်ခြင်း**					
	• လူငယ်များအသိပညာနည်းပါးခြင်း၊	• စာဖတ်ချင်စိတ်မရှိကြခြင်း၊ • စာကြည့်တိုက်မရှိသေးခြင်း။	• စာကြည့်တိုက်ဆောက်လုပ်ရန်မြေနေရာရှိခြင်း၊ • စာအုပ်စာပေများအလှူရှင်များရရှိနိုင်ခြင်း။	• လူငယ်များSocial Media ဖြစ်သော Facebook,Viber ပေါ်တွင်သာအချိန်ကုန်ခြင်း။	• လူငယ်များစာပေဖတ်ရန်စိတ်ပါလာစေရန်စာပေဟောပြောပွဲများစီစဉ်ပေးခြင်း၊ • အလှူငွေများ၊စာအုပ်စာပေများအလှူခံခြင်း၊	• လူငယ်များအသိပညာနည်းပါးခြင်း၊